MTI
Myanmar Technologies
And Investment Corporation

# 2024 - 2025
# ANNUAL REPORT

MTI
Myanmar Technologies
And Investment Corporation

# CONTENTS


01 CORPORATE PROFILE

02 CHAIRMAN'S PREFACE

04 BOARD OF DIRECTORS AND CEO

09 ACTIVITIES

20 PRODUCTS


**ANNUAL REPORT**
**2024 - 2025**

## CORPORATE PROFILE

ပြည်ထောင်စုမြန်မာနိုင်ငံ၏ လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ကဏ္ဍစုံတိုးတက်ရန်လိုအပ်သည့်အနက် ၂၁ ရာစုတွင် အဓိက ယှဉ်ပြိုင်စွမ်းအားဖြစ်စေမည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ) ကဏ္ဍသည် လွန်စွာအရေးပါသည့် အခန်းကဏ္ဍအဖြစ် ရပ်တည်နေပါသည်။ ထိုကဲ့သို့အရေးပါသော အိုင်စီတီကဏ္ဍအား အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများ အပြည့်အဝ အသုံးချနိုင်စေရန်အတွက် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သော ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ ရှိရန်လိုအပ်ပါသည်။

မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီလီမိတက်၊ Myanmar Technologies and Investment Corporation Public Co., Ltd. (MTI) အား ကုမ္ပဏီမှတ်ပုံတင်အမှတ် (၃၄၉၃/၂၀၁၂-၂၀၁၃) ဖြင့် ၂၀၁၂ ခုနှစ်၊ နိုင်ဝင်ဘာလ (၂၆) ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၂၀၁၇ အရ MYCO တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၁၇၃၈၀၀၆၈) ဖြင့် ပြန်လည်မှတ်ပုံတင်ခဲ့ပါသည်။ MTI သည်မြန်မာနိုင်ငံရှိအိုင်စီတီကဏ္ဍကို ဦးဆောင်လျက်ရှိသော ပြည်တွင်းမှ ပညာရှင်နှင့်လုပ်ငန်းရှင် (၈၆) ဦး ပူးပေါင်း၍ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

MTI အများပိုင်ကုမ္ပဏီသည် အိုင်စီတီကဏ္ဍမှတစ်ဦးတစ်ယောက်(သို့မဟုတ်)လူတစ်စုအတွက် ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ အိုင်စီတီကဏ္ဍမှ လုပ်ငန်းရှင်နှင့်ပညာရှင်များအားလုံးကိုယ်စားပြု၍ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့်အားလျော်စွာ၊ ကနဦးတည်ထောင်သူများအားလုံးအတွက်သာမကပဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများနှင့် ပြည်တွင်းမှအခြားစိတ်ပါဝင်စားသူ မည်သူကိုမဆို အစုရှယ်ယာများအား ဖိတ်ခေါ်ရောင်းချသွားရန်ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံ၏ လိုအပ်နေသော ဆက်သွယ်ရေးအခြေခံအဆောက်အအုံကောင်းများ ပံ့ပိုးဖြည့်တင်းရန်နှင့် ပြည်သူလူထု၏လိုလားချက်ဖြစ်သည့် ဈေးနှုန်းမှန်ကန်သက်သာပြီး အဆင့်မြင့်သောဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများရယူကာ လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ပြည်ပမှ နောက်ဆုံးပေါ်နည်းပညာများကို ပြည်တွင်းသို့သယ်ဆောင်နိုင်ပြီး၊ ပြည်တွင်းရှိပညာရှင်များနှင့် အခြေခံလူတန်းစားများအတွက်လည်းအလုပ်အကိုင်အခွင့်အလန်းများ များစွာပေါ်ထွန်းစေမည်ဖြစ်ပါသည်။ MTI အများပိုင်ကုမ္ပဏီ၏ မူလရည်မှန်းချက်များဖြစ်သည့် -

၁။ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အိုင်စီတီဖြင့်အထောက်အကူပြုနိုင်ရေး၊

၂။ ယင်းသို့အထောက်အကူပြုရာတွင် အိုင်စီတီကဏ္ဍအခြေခံအဆောက်အအုံကောင်းများ ပံ့ပိုးဖြည့်တင်းဆောင်ရွက်ရာတွင်ပါဝင်ရေး၊

၃။ ပြည်သူတစ်ရပ်လုံးအနေဖြင့် အိုင်စီတီကဏ္ဍနှင့် ပိုမိုအကျွမ်းဝင်ပြီး ဈေးနှုန်းသက်သာသော အဆင့်မြင့်ဆက်သွယ်ရေးဝန်ဆောင်မှုများပေးနိုင်ရေး၊

စသည့်ရည်မှန်းချက်များအတိုင်း ဖြစ်မြောက်အောင်မြင်ရေးကို တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

## CHAIRMAN's PREFACE

လေးစားအပ်ပါသော အစုရှယ်ယာရှင်လူကြီးမင်းများခင်ဗျာ

ကျွန်တော်များ မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီ (MTI) သည် နှစ်စဉ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးများကျင်းပလာခဲ့သည်မှာ ယခုအကြိမ်ပါဆိုလျှင် (၁၂) ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်ပါသည်။ ယခုနှစ် ကျင်းပသည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးကို Online ဖြင့်မဟုတ်တော့ဘဲ ပြင်ပတွင် အစုရှယ်ယာရှင်များနှင့် လူပုဂ္ဂိုလ်ချင်းတွေ့ဆုံပြီး ကျင်းပခွင့်ရလို့ များစွာပဲဝမ်းမြောက်မိပါကြောင်း ဦးစွာပထမ ပြောကြားလိုပါသည်။

MTI အများပိုင်ကုမ္ပဏီသည် ယခုအခါ အစုရှယ်ယာစုစုပေါင်း (၄၅၈,၀၉၇) စု၊ မတည်ရင်းနှီးငွေပမာဏ (Paid up Capital) မှာ (၅.၈၅၃) ဘီလီယံကျပ်ကျော်ရှိပြီး၊ ယနေ့အထိ မိမိတို့ရင်းနှီးမြှုပ်နှံခဲ့သည့်လုပ်ငန်းများ၏ ပကတိတန်ဖိုး ကိုတွက်ချက်ရာ (၉.၆၄၆) ဘီလီယံကျပ်ကျော်ရှိသည်ကိုတွေ့ရှိကြရမှာပဲဖြစ်ပါသည်။

ကျွန်တော်များ MTI အများပိုင်ကုမ္ပဏီက အဓိကရင်းနှီးမြှုပ်နှံထားသည့်လုပ်ငန်းများထဲတွင် Myanmar Payment Solution Services Co., Ltd. (MPSS) သည် Octoverse ဆိုသည့် Mobile Payment Gateway တစ်ခု ကိုတည်ထောင်ကာ Payment Gateway Platform ပေါ်မှ အဆင်ပြေချောမွေ့စွာဖြင့် ဘဏ်များနှင့်ချိတ်ဆက်ပြီး ဝန်ဆောင်မှုများပေးလျှက်ရှိနေပြီဖြစ်ပါသည်။ ၎င်းအပြင် အခြားသော Payment Method များစွာဖြင့် ပေးချေထား သော Transaction များကိုလည်း ၄င်းတို့ ပေးချေစေလိုသည့် Merchant Account သို့ Settlement လုပ်ဆောင် ပေးပါသည်။ ဘဏ်များနှင့် ချိတ်ဆက်ကာ Online ပေါ်မှ အခွန်ပေးဆောင်နိုင်ရန် နည်းပညာပိုင်းနှင့် Service ပိုင်းအား တွင်ကျယ်စွာလုပ်ဆောင်လျှက်ရှိပါသည်။ MTI အများပိုင် ကုမ္ပဏီသည် Myanmar Payment Solution Services (MPSS) တွင် အစုရှယ်ယာ ၃၈.၁၄ % ပိုင်ဆိုင်ပါသည်။

၂၀၁၃ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့သည့် မြန်မာ-ဂျပန် နှစ်နိုင်ငံအစိုးရများ ပူးပေါင်းပြီး အကောင် အထည်ဖေါ်ဆောင်ရွက်ခဲ့သည့် MTSH ကုမ္ပဏီသည် အစုရှယ်ယာရှင်များ အားလုံးကို နှစ်စဉ် အမြတ်ဝေစုများ ခွဲဝေ ပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဆိုပါက ကျွန်တော်များ MTI ကုမ္ပဏီအနေဖြင့် ကျပ်ငွေ **၃.၁၁၄၄** ဘီလီယံကျပ် ကျော်ရရှိခဲ့ပြီးဖြစ်ပါသည်။ MTSH ကုမ္ပဏီ၏ (၁၂) ကြိမ်မြောက် အထွေထွေအစည်းအဝေး နှစ်ပတ်လည် အစီရင်ခံစာအရ MTSH သည် ရန်ကုန်စတော့အိတ်ချိန်း (YSX) တွင် အစုရှယ်ယာ ရောင်းဝယ်မှု အရေအတွက် ပမာဏနှင့် တန်ဖိုး နှစ်ခုစလုံးတွင် ထင်ရှားစွာဦးဆောင်နိုင်ခဲ့ပြီး ထိပ်တန်းအဖြစ် ဆက်လက်ရပ် တည်လျှက်ရှိပါသည်။ ၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ်မတ်လအတွင်း MTSH ၏ အစုရှယ်ယာစုစုပေါင်း ၆၄၇,၆၀၇ စုကို အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး၊ ရန်ကုန်စတော့အိတ်ချိန်း (YSX) စုစုပေါင်းရှယ်ယာပမာဏ၏ ၃၃ % ရှိကာ တန်ဖိုးအားဖြင့် မြန်မာကျပ် (၂.၀၈) ဘီလီယံရှိပါသည်။ ယခုကဲ့သို့တိုးတက်လာမှုသည် MTSH ၏ တွဲဘက် ကုမ္ပဏီဖြစ်သော Myanmar Japan Thilawa Development Limited. (MJTD) မှ အမြတ်ဝေစု သိသိသာသာ

တိုးတက်လာခဲ့ခြင်းကြောင့်ဖြစ်ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် MJTD မှရရှိသော အမြတ်ဝေစုသည် ငွေကျပ် (၁.၃) ဘီလီယံမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် (၄.၄) ဘီလီယံသို့သိသိသာသာ တိုးတက်လာခဲ့ပါသည်။ ဤအချက်အလက်များအရ MTSH သည် အသားတင်အမြတ်ငွေ ကျပ် (၁၃.၂) ဘီလီယံကို မှတ်တမ်းတင်နိုင်ခဲ့ပြီး၊ ယခင်နှစ်ကထက် (၁၁.၈) ဘီလီယံတိုးတက်လာခဲ့ပါသည်။ အစုရှယ်ယာရှင်များသို့ခွဲပေးနိုင်သောအမြတ်ငွေမှာ ကျပ် (၁၂.၉) ဘီလီယံ ရှိခဲ့ရာ မိမိတို့၏ခိုင်မာသော ဘဏ္ဍာရေးအခြေအနေကို ဖော်ပြနေခြင်းပင်ဖြစ်ပါသည်။

အစုရှယ်ယာရှင်လူကြီးမင်းများခင်ဗျာ

MTI ကုမ္ပဏီသည် Myanmar National Telecom Holding Public Co., Ltd. (MNTH) အများပိုင်ကုမ္ပဏီတွင် အစုရှယ်ယာ ၁၀.၇၆ % ပိုင်ဆိုင်ပါသည်။ အခုအခါ MNTH ရဲ့ Value ကို ပြောပြရမယ်ဆိုရင် MNTH နဲ့ ၎င်းက တည်ထောင်ထားတဲ့ MNTI ဆိုတဲ့ တာဝါတိုင်လုပ်ငန်းများ လုပ်ကိုင်တဲ့ ကုမ္ပဏီ ဆိုပြီး (၂) ခုရှိရာမှာ MNTI ရဲ့ Revenue က အခုအချိန်မှာ Minimum လစဉ် ကျပ်သန်း (၁,၃၀၀) ကျော်ဝင်ပြီး၊ အဲဒီကမှ ကုန်ကျစရိတ် Cost များ နုတ်လိုက်ပါက ကျပ်သိန်း (၇,၅၀၀) ကျော်ကျန်ရှိတာကြောင့် အခြေအနေကောင်းတယ်လို့ပြောရမှာပဲဖြစ်ပါသည်။ အလားတူစွာပဲ Mytel ရဲ့ Valuation က တစ်ခါမှတော့ ထုတ်ပြန်တာမရှိပေမဲ့လည်း Revenue က (၁၂၀) ဘီလီယံကျပ်ဝန်းကျင်မှာရှိပြီး နိုင်ငံတော်အစိုးရကိုပေးရတာနှင့် ကုန်ကျစရိတ်များအားလုံးနုတ်ပြီးပါက တစ်လလျှင် (၄၀) ဘီလီယံကနေ (၄၅) ဘီလီယံကျပ်ကျော် ကျန်သည်ဟုကြားသိရပါသည်။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် MNTH အနေဖြင့် အမြတ်ဝေစုများ မခွဲပေးနိုင်သေးသော်လည်း ကျွန်တော်များ ရင်းနှီးမြှုပ်နှံထားသည့် ငွေပမာဏ၏ (၃) ဆ ကျော် (၄) ဆ နီးပါး တန်ဖိုးမြင့်တက်လျှက်ရှိပါသည်။

ယခုအခါ MTI အများပိုင်ကုမ္ပဏီ၏  IT Team အနေဖြင့် Software များရေးဆွဲခြင်း၊ website များရေးဆွဲခြင်း၊ Payment Gateway Platform ရေးဆွဲခြင်းများကို လုပ်ဆောင်လျှက်ရှိပါသည်။ ယခင်က MTI အများပိုင်ကုမ္ပဏီတစ်ခုတည်းက ရင်းနှီးမြှုပ်နှံထားသည့် Loyar Myanmar ကုမ္ပဏီသည်လည်း ယခုအခါ MTG နှင့်ပူးပေါင်းပြီး လုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရန် စီစဉ်လျှက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်များဒါရိုက်တာအဖွဲ့သည် MTI အများကုမ္ပဏီကို ပြီးခဲ့သည့် အတိတ်ကာလ အခက်အခဲအကြပ်အတည်းများကို ပြန်လည်သုံးသပ်ကာ အနာဂတ်အတွက် ပိုမိုကောင်းမွန်အောင်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင်ရည်ရွယ်၍ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားလုပ်ဆောင်သွားကြမှာဖြစ်သလို အစုရှယ်ယာရှင်များအနေဖြင့်လည်း "ယုံကြည်မှုနဲ့ ဆက်လက်ကူညီပံ့ပိုးပေးကြပါ။" လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်။

## BOARD OF DIRECTORS AND CEO



ဦးထင်အောင်ခိုင်

**Chairman**

ဦးထင်အောင်ခိုင်သည် MTI အများပိုင်ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌဖြစ်ပါသည်။ ဦးထင်အောင်ခိုင်သည် ၁၉၉၉ ခုနှစ်တွင် တည်ထောင်သော အိုင်တီကုမ္ပဏီတစ်ခုဖြစ်သည့် Lucky Bird Co., ltd. ၏ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးဖြစ်ပြီး Hotel and Restaurant Management Solution, HP Large Format Printing Solution, Security Solution and Fleet Management လုပ်ငန်းများ၊ Toshiba Copier and POS များ အား ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းရပ်များနှင့် Engineering Services လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ဦးထင်အောင်ခိုင်သည် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ နာယက၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တွင် ဒုတိယဥက္ကဋ္ဌ ရာထူးတာဝန်ကိုလည်း ထမ်းဆောင်လျက်ရှိပါသည်။



ဦးမင်းဇေယျာလှိုင်

**Vice-Chairman**

ဦးမင်းဇေယျာလှိုင်သည် MTI အများပိုင်ကုမ္ပဏီ ဒါရိုက်တာအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဖြစ်ပါသည်။ သူသည် Myanmar Millennium Group Co., ltd ကို ၂၀၀၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူ ဆောင်ရွက်နေပါသည်။ Production, Trading, Construction, Hotel, Power Distribution and Transmission, ICT Infrastructure Solution & Services လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ဦးမင်းဇေယျာလှိုင်သည် ယခုအခါ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ နာယကနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် အလုပ်အမှုဆောင် ရာထူးတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



ဦးဇော်မင်းဦး

**Board of Director**

ဦးဇော်မင်းဦးသည် MTI အများပိုင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ဦးဇော်မင်းဦးသည် Myanmar Technology Gateway Co., Ltd.၏ အုပ်ချုပ်မှုဒါရိုက်တာ၊ Myanmar Payment Solution Services Co., Ltd. (MPSS) ၏ အုပ်ချုပ်မှုဒါရိုက်တာနှင့် Barons Tele-Link Co., Ltd. ၏ ဒါရိုက်တာတစ်ဦးဖြစ်ပြီး၊ ICT Solutions, Telecoms Equipment Provider, System Integration, .mm Domain Registrar, Web Development လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

ဦးဇော်မင်းဦးသည် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း၏ ဥက္ကဋ္ဌ တာဝန်ကိုလည်း ထမ်းဆောင်လျက်ရှိပါသည်။



ဦးမင်းဦး

**Board of Director**

ဦးမင်းဦးသည် MTI အများပိုင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သည့်အပြင် Finance Director တစ်ဦးလည်းဖြစ်ပါသည်။ ဦးမင်းဦးသည် Myanmar Thilawa SEZ Holdings Public Limited (MTSH) ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါသည်။ MTI က ရင်းနှီးမြှုပ်နှံထားသည့် Myanmar Payment Solution Services Co., Ltd. (MPSS) တွင်လည်း Managing Director တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။

ဦးမင်းဦးသည် ယခုအခါ Myanmar Business Executive Association (MBE) တွင် President ၊ Myanmar Computer Professionals Association (MCPA) တွင် Vice President နှင့် Myanmar Computer Federation (MCF) တွင် ဗဟိုအလုပ်အမှုဆောင် တာဝန်များကိုလည်း ထမ်းဆောင်လျှက်ရှိပါသည်။



ဦးမျိုးမြင့်ထွန်း

**Board of Director**

ဦးမျိုးမြင့်ထွန်းသည် MTI အများပိုင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ သူသည် Royal Ayeyarwaddy Co., Ltd. ၏အုပ်ချုပ်မှုဒါရိုက်တာ၊ Royal Thalwin Int'l Trading Co., Ltd. ၏ ဒါရိုက်တာနှင့် Alpha Power Engineering Co., Ltd. ၏ တည်ထောင်သူ ဒါရိုက်တာတစ်ဦးဖြစ်ပြီး Computer and ICT products Importer and Distributor (Sole distributors for: View Sonic, pqi, Nippon, Nippon POS, Seagate Hard Disk, Aopen), Authorized Computer Service Center. ICT Products and Services Provider to Government Tenders, Electrical Installation and Services, Turnkey solution provider to Government Projects, Electrical Products Importer and Distributor လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

ဦးမျိုးမြင့်ထွန်းသည် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် အလုပ်အမှုဆောင်ရာထူးတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။



ဦးအောင်အောင်

**Board of Director**

ဦးအောင်အောင်သည် MTI အများပိုင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ဦးအောင်အောင်သည် Ahter Oo Co., Ltd. ၏ စတင်တည်ထောင်သူတစ်ဦးဖြစ်ပြီး၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက် (MCB)၊ Proven Technology Industry Co., Ltd. နှင့် Myanmar Payment Solution Service Co., Ltd. (MPSS) ၏ ဒါရိုက်တာ တစ်ဦးလည်းဖြစ်ပါသည်။ IT Solution Consultation, Home and Office Security and Monitoring Solution Provider, Software Solution Services လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ ယခုလက်ရှိတွင် SAP

Support and Services, iDS-Hotel Management Solution, HR Solution, Micro Finance Platform နှင့် Customized Software and System Development စသည့် ဝန်ဆောင်မှုများကိုလည်းပေးလျက်ရှိပါသည်။

ဦးအောင်အောင်သည် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) တွင် စာရင်းစစ်(၁) ရာထူးတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။



ဦးစိုးထွဋ်

**Board of Director**

ဦးစိုးထွဋ်သည် MTI အများပိုင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ဦးစိုးထွဋ်သည် Precision Focus Co., Ltd. ၏ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ Precision Focus Co., Ltd. သည် Smart Card Systems, Power Conditioning, Systems, Solar Power Systems and Industrial Automation Systems စသည့် နည်းပညာနှင့်ပတ်သက်သည့် Business Solution လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

ဦးစိုးထွဋ်သည် ၁၉၉၈ ခုနှစ်တွင် ရန်ကုန်နည်းပညာတက္ကသိုလ်မှ B.E (Electronic) ဘွဲ့ကို ရရှိခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ MBA စီးပွားရေးမဟာပညာဘွဲ့ကိုရရှိခဲ့ပါသည်။ မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်းတွင် တွဲဘက်အတွင်းရေးမှူး တာဝန်ကိုလည်း ထမ်းဆောင်လျက်ရှိပါသည်။



ဦးအောင်စိုးမိုး

**Board of Director**

ဦးအောင်စိုးမိုးသည် MTI အများပိုင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ဦးအောင်စိုးမိုးသည် ကွန်ပျူတာစနစ်များ ရေးသားတည်ဆောက်ခြင်းနှင့် အီလက်ထရောနစ် အင်ဂျင်နီယာပညာရပ်များကို ကွန်ပျူတာ

တက္ကသိုလ် (Institute of Computer Science and Technology – NCC Program) နှင့် ရန်ကုန်နည်းပညာတက္ကသိုလ် (Yangon Technological University) တို့တွင် တက်ရောက်လေ့လာဆည်းပူးခဲ့ပါသည်။ Social Protection ကဏ္ဍပိုင်းဆိုင်ရာ အများပြည်သူပင်စင်စနစ်နှင့် လူမှုဖူလုံရေးစနစ်များအတွက် ကွန်ပျူတာစနစ်များ တည်ဆောက်ခြင်းဆိုင်ရာသင်တန်းများကို ထိုင်းနိုင်ငံ ချူလာလောင်ကွမ်း တက္ကသိုလ်နှင့် အီတလီနိုင်ငံ ITC-ILO (International Training Center – International Labor Organization) သင်တန်းကျောင်းတို့တွင် တက်ရောက်လေ့လာခဲ့ပါသည်။

၁၉၉၅ ခုနှစ်မှစတင်၍ ကွန်ပျူတာသင်တန်းများဖွင့်လှစ်သင်ကြားခြင်း၊ ကွန်ပျူတာစနစ်များရေးသားတည်ဆောက်ပေးခြင်းနှင့် ဆက်စပ်လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ်မေလ (၁)ရက်နေ့တွင် Assembler Computer Center ကို စတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် ကွန်ပျူတာသင်တန်းများဖွင့်လှစ်သင်ကြားခြင်း၊ နည်းပညာဆိုင်ရာ ဟောပြောပွဲများနှင့် ပြန့်ပွားရေးဆောင်ရွက်ခြင်း၊ ICT စီမံကိန်းများတည်ဆောက်ပေးခြင်း စသောလုပ်ငန်းများတွင် ဦးစီးလုပ်ကိုင်လျှက်ရှိပါသည်။

ဦးအောင်စိုးမိုးသည် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်း၏ နာယက၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တွင် ဗဟိုအလုပ်အမှုဆောင် စသည့်လုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိပါသည်။



ဦးဇော်မင်းထွေး

**Board of Director**

ဦးဇော်မင်းထွေးသည် MTI အများပိုင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ဦးဇော်မင်းထွေးသည် B.C.Tech (Hons) ဘွဲ့ကို ၁၉၉၉ ခုနှစ်၊ M.C.Tech ဘွဲ့ကို ၂၀၀၃ ခုနှစ်များတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ရရှိခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် EMJ Global Co., Ltd. ကိုတည်ထောင်ကာ Managing Director တစ်ဦးအဖြစ်တာဝန်ယူပြီး Information Technology & Business Consulting လုပ်ငန်းများကိုလည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် EMJ Travel Co., Ltd. ၏ Managing Director အဖြစ်တာဝန်ယူကာ Business Limousine & Travel Services လုပ်ငန်းကိုလည်းကောင်း လုပ်ကိုင်လျှက်ရှိပါသည်။

ဦးဇော်မင်းထွေးသည် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၏ တွဲဘက်အတွင်းရေးမှူးတာဝန်ကိုလည်း ထမ်းဆောင်လျှက်ရှိပါသည်။



ဦးမျိုးမင်းဦး

**Chief Executive Officer**

ဦးမျိုးမင်းဦးသည် MTI အများပိုင်ကုမ္ပဏီ၏ Chief Executive Officer တစ်ဦးဖြစ်ပါသည်။ ဦးမျိုးမင်းဦးသည် Discovery Digital Co., Ltd. ၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်ပြီး Computer Sale and Services, Computer Maintenance & Services for Ministries, Government Departments, NGOs, other private companies and associations လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။

ဦးမျိုးမင်းဦးသည် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့တွင် ဗဟိုအလုပ်အမှုဆောင် ရာထူးတာဝန်များထမ်းဆောင်လျက်ရှိပါသည်။

## AITIVITIES

### 11th Annual General Meeting









MTI အများပိုင်ကုမ္ပဏီ၏ (၁၁)ကြိမ်မြောက် အထွေထွေအစည်းအဝေးကြီးကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၅) ရက် နေ့တွင် MICT Park, အဆောင် (၉) မြေညီထပ်ရှိ MCF အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး အစုရှယ်ယာရှင်များက ZOOM Video Conferencing ဖြင့် တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် လက်ရှိ BOD (၉) ဦးမှ အလှည့်ကျသူ (၃) ဦးနုတ်ထွက်ခဲ့ပါသည်။ ၎င်း (၃) ဦးမှ (၃)ဦးစလုံးသည် ဒါရိုက်တာအဖြစ်ပြန်လည်ရွေးကောက်ခံရန် အဆိုပြုလွှာ တင်သွင်းခဲ့ပါသည်။ အစု ရှယ်ယာရှင်များထဲမှ BOD အဖြစ်ရွေးကောက်ခံရန် အဆိုပြုလွှာတင်သွင်းခဲ့သူ မရှိသည့်အတွက် ရွေးကောက်ခံမည့် ဒါရိုက်တာ စုစုပေါင်း (၃) ဦးသာရှိပါသည်။ နုတ်ထွက်သူ (၃)ဦး၊ ရွေးကောက်ခံရန် (၃)ဦး ဖြစ်သည့်အတွက် မဲပေးရွေးချယ်ရန်မလိုအပ်ဘဲ ၎င်း (၃)ဦးကိုသာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာများအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

## Partnership Singing Ceremony







MTI အများပိုင်ကုမ္ပဏီသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၈) ရက်နေ့တွင် MPSS ကုမ္ပဏီ၊ Assembler ကုမ္ပဏီများနှင့် လုပ်ငန်းများအကျိုးတူပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်ပြီး လက်မှတ်ရေးထိုးသည့် အခမ်းအနားကို MCIA အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

## Agreement Signing between MTI & MTG





၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၇) ရက်တွင် MTI အများပိုင်ကုမ္ပဏီနှင့် MTI ၏ အစုရှယ်ယာဝင် ကုမ္ပဏီတစ်ခု ဖြစ်သည့် Myanmar Technology Gateway (MTG) တို့အကြား Loyar Myanmar Company Limited နှင့်ပတ်သက်သည့် လုပ်ငန်းသဘောတူစာချုပ်ကို MTI ရုံးခန်း၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

## MOU Signing with Yangon University of Economic






MTI အများပိုင်ကုမ္ပဏီနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့အကြား MOU လက်မှတ်ရေးထိုးပွဲကို ၂၀၂၅ ခုနှစ်၊ မတ်လ (၇) ရက်နေ့တွင် ကမာရွတ်မြို့နယ်ရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ် နီလာရတုခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

## TAIWAN Select Sourcing TAIWAN (Oct-2025, Taichung)




ထိုင်ဝမ်နိုင်ငံ Taichung City တွင်ကျင်းပသော "2025 TAIWAN Select-Taichung" ပွဲသို့ MTI အများပိုင်ကုမ္ပဏီ၏ CEO ဖြစ်သူ ဦးမျိုးမင်းဦး တက်ရောက်ခဲ့ပါသည်။

## Myanmar Thilawa SEZ Holding Public Limited (MTSH)

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်အတွင်းရှိ သီလဝါဒေသတွင် ၂၀၁၃ ခုနှစ်ကတည်းက မြန်မာ-ဂျပန် နှစ်နိုင်ငံအစိုးရပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာအရ တည်ဆောက်အကောင်အထည်ဖော်နေသည့် အထူးစီးပွားရေးဇုန်စီမံကိန်းကြီးတွင် ကမကထပြုသူ အများပိုင်ကုမ္ပဏီ (၉)ခု ပါဝင်ရာ MTI အများပိုင်ကုမ္ပဏီသည်လည်း တစ်ခု အပါအဝင်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်မှ စတင်ပြီး ရှယ်ယာရှင်များအားလုံးကို အမြတ်ဝေစုများခွဲဝေပေးခဲ့ရာ ယခု ၂၀၂၅ ခုနှစ်အထိ ဆိုပါက ကျပ်ငွေ **၃.၁၁၄၄** ဘီလီယံကျပ်ကျော် ရရှိခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် MTSH ၏ အထင်ကရ အောင်မြင်မှုတစ်ခုအဖြစ် ရန်ကုန်စတော့အိတ်ချိန်းတွင် အောင်မြင်စွာစာရင်းဝင်နိုင်ခဲ့ပါသည်။ မူလက ကမကထပြုသူ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (၉)ခုအနက် လက်ရှိအချိန်တွင် ကမကထပြုသူကုမ္ပဏီ (၆)ခု ကျန်ရှိရာ MTI အများ ပိုင်ကုမ္ပဏီသည်လည်း ယနေ့တိုင် တစ်ခုအပါအဝင်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ ကျပ် (၆.၈) ဘီလီယံရရှိခဲ့ပြီး၊ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ကျပ် (၅.၅) ဘီလီယံ တိုးတက်လာခဲ့ခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ တိုးတက်လာမှုသည် MTSH ၏ တွဲဘက် ကုမ္ပဏီဖြစ်သော Myanmar Japan Thilawa Development Limited. (MJTD) မှ အမြတ်ဝေစု သိသိသာသာ တိုးတက်လာခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် MJTD မှ ရရှိသော အမြတ်ဝေစုသည် ငွေကျပ် (၁.၃) ဘီလီယံမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် (၄.၄) ဘီလီယံသို့ သိသိသာသာ တိုးတက်လာခဲ့ပါသည်။ ဤအချက်အလက်များ၏ ပေါင်းစပ်ရလဒ်အနေဖြင့် MTSH သည် အသားတင်

အမြတ်ငွေ ကျပ် (၁၃.၂) ဘီလီယံကို မှတ်တမ်းတင်နိုင်ခဲ့ပြီး၊ ယခင်နှစ်ကထက် (၁၁.၈) ဘီလီယံ တိုးတက်လာခဲ့ခြင်း ဖြစ်ပါသည်။ အစုရှယ်ယာရှင်များသို့ခွဲပေးနိုင်သောအမြတ်ငွေမှာ ကျပ် (၁၂.၉) ဘီလီယံရှိခဲ့ရာ မိမိတို့၏ ခိုင်မာသော ဘဏ္ဍာရေးအခြေအနေကို ဖေါ်ပြနေခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ယခုနှစ်တွင် ဒါရိုက်တာအဖွဲ့ဝင်များသည် အစုရှယ်ယာတစ်စုလျှင် (၁၉၀) ကျပ် အမြတ်ဝေစုပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ ၎င်းအပြင် MJTD သည် ယခုဘဏ္ဍာနှစ်အတွင်း မြေ ၄.၆ ဟက်တာကို အငှားချထားပြီး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးကို ၂ မဂ္ဂါဝပ် (MW)မှ ၄ မဂ္ဂါဝပ် (MW) သို့ တိုးချဲ့ခဲ့ပြီး၊ ၁၅ မဂ္ဂါဝပ် (MW) အထိတိုးချဲ့လုပ်ကိုင်နိုင်ရေး ကြိုးပမ်းလျှက်ရှိခြင်းကြောင့် ၎င်းနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းသည် ထပ်ဆောင်းဝင်ငွေများရရှိနေပြီး MJTD ၏ စဉ်ဆက်မပြတ်တိုးတက်မှုကိုလည်း အထောက်အကူဖြစ်စေပါသည်။




## Myanmar Payment Solution Services Co., Ltd. (MPSS)

Myanmar Payment Solution Services Co., Ltd. (MPSS) သည် ၂၀၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ဘဏ်များ၊ Digital Payment Company များနှင့်ချိတ်ဆက်နိုင်သည့် Payment Gateway Service တစ်ခု တည်ဆောက်ကာ Corporate များ၏ ငွေပေးချေမှုများကို ၎င်း Gateway ပေါ်မှ လွယ်ကူလျင်မြန်စွာ Transaction များ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ ၎င်းအပြင် အခြားသော Payment Method များစွာဖြင့် ပေးချေထားသော Transaction များကိုလည်း ၄င်းတို့ပေးချေစေလိုသည့် Merchant Account သို့ Settlement လုပ်ဆောင်ပေးပါသည်။ Mobile Operator များနှင့်လည်း တိုက်ရိုက်ချိတ်ဆက်ကာ Top-up & Data Pack Platform Service အဖြစ် Corporate များ Wallet များကို Top up & Data pack recharge service များပေးခြင်း၊ SMS Gateway Service ကို အခြေခံကာ FMCG နှင့် Corporate များအတွက် စျေးကွက်စီးပွားရေးစနစ် ပြိုင်ဆိုင်မှုတွင် အရေးပါသည့် Promotion Campaign Management Service နှင့် SMS Broadcast များကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ၎င်းအပြင် E-Gift Card Service Platform ဖြင့် ဘဏ်များ၊ Wallet များ၊ Market Place များတွင်

Game items များနှင့် Apple ၏ Digital Services ဖြစ်သော iTunes Gift card ကဲ့သို့သော items များစွာကိုလည်း B2B ဝန်ဆောင်မှုများ ပေးလျှက်ရှိပါသည်။ ထို့အပြင် Tax Aggregator Service ဖြင့် ဘဏ်များနှင့် ချိတ်ဆက်ကာ Online ပေါ်မှ အခွန်ပေးဆောင်နိုင်ရန် နည်းပညာပိုင်းနှင့် Service ပိုင်းအား တွင်ကျယ်စွာ လုပ်ဆောင်လျှက်ရှိပါသည်။

ငင်းအပြင် MPSS သည် ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် IT Industry အတွက် အသိပညာရှင် အတတ်ပညာရှင်များ ရှားပါးနေမှုကို အစားထိုးပေးနိုင်ရန်ရည်ရွယ်ပြီး CareerVerse ဆိုသည့် Brand တစ်ခု ထပ်မံမွေးထုတ်ခဲ့ပါသည်။ CareerVerse သည် ပြည်တွင်းရှိ နည်းပညာသင်တန်းကျောင်းများနှင့် ပူးပေါင်း၍ Industry တွင်လိုအပ်နေသာ လစ်လပ်ရာထူးနေရာများအား ဖြည့်စွက်နိုင်ရန်ရည်ရွယ်ကာ လေ့ကျင့်သင်ကြား ပေးနိုင်ရေးအတွက် CareerVerse မှ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တစ်ဆက်တည်းမှာပင် ပြည်တွင်းရှိ အလုပ်အကိုင်ရှာ ဖွေရေး Agency များနှင့်လည်း ပူးပေါင်း၍ ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးပမ်းအားထုတ်လျက် ရှိပါသည်။

## ၂၀၂၃ ခုနှစ်မှ စတင်၍ Strategic Partnership ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းများ

### A Plus Wallet

Myanmar Payment Solution Services (MPSS) ၏ ဝန်ဆောင်မှုဖြစ်သော OCTOVERSE နှင့် A Plus Wallet တို့၏ ပူးပေါင်းဆောင်ရွက်မည့်ခြေလှမ်းတစ်ခုအဖြစ် Merchant Service Agreement အား ၂၀၂၃ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် A Bank Head Office ၌ လက်မှတ်ရေးထိုးခဲ့ကြပါ






## Infinity Success (prepaid.com.m)

OCTOVERSE နှင့် Infinity Success တို့၏ Partnership Service Agreement အား ၂၀၂၄ ခုနှစ်၊ ဧပြီလ (၅) ရက်နေ့တွင် လှိုင်မြို့နယ် MICT Park ၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။







## Intellisoft (SMS Poh)

OCTOVERSE နှင့် SMS Poh  တို့အကြား ပူးပေါင်းဆောင်ရွက်သည့် သဘောတူညီချက်အဖြစ် Partnership Service Agreement ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ (၈) ရက်နေ့တွင် လှိုင်မြို့နယ် MICT Park ၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။







## Myanmar Soft-Gate Technology (topup.com.mm)

OCTOVERSE နှင့် topup.com.mm တို့၏ Partnership Service Agreement အား ၂၀၂၄ ခုနှစ်၊ ဧပြီလ (၉) ရက်နေ့တွင် လှိုင်မြို့နယ် MICT Park ၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။






## Hap Eye Co., Ltd

Octoverse နှင့် Hap Eye Co., Ltd. တို့သည် ၂၀၂၄ ခုနှစ် ဩဂုတ်လ (၂၁) ရက်နေ့တွင် Technical and Business Partner အဖြစ် Hap Eye Co., Ltd. Head Office တွင် MOA ၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

## iTSTAR

Octoverse နှင် iTSTAR တို့ကြား နှစ်ဖက်အဖွဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီး iTSTAR ၏ လက်ရှိ Customer များနှင့် နောင်ထပ်မံ၍ အသစ်ရရှိလာမည့် Customer တို့၏ Software များတွင် Payment Gateway ချိတ်ဆက်နိုင် ရေးအတွက် Octoverse နှင့် ပူးပေါင်းလုပ်ဆောင်ရေး တွေ့ဆုံ ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## Property of Khalti Pvt.ltd.

Octoverse နှင့် နီပေါနိုင်ငံမှ Property of Khalti Pvt.ltd. (Khalti – A Digital Financial Services Provider) တို့အကြား နှစ်ဖက်အဖွဲ့တွေ့ဆုံဆွေးနွေးခဲ့ပြီး non-disclosure agreement (NDA) ရေးထိုးပြီးနောက် ၎င်းတို့၏ Digital Solution များအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး Khalti Digital Wallet ကို Demo စမ်းသပ်ခြင်းနှင့် လိုအပ်သော ညှိနှိုင်းမှုများဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။




## Twinkle College

CareerVerse နှင် Twinkle College တို့အကြား နှစ်ဖက်အဖွဲ့တွေ့ဆုံဆွေးနွေးခဲ့ပြီး လူငယ်များ၏အနာဂတ် သက်မွေးဝမ်းကြောင်း အလုပ်အကိုင်ခိုင်မာမှုရရှိနိုင်ရေးနှင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေးအတွက် ပူးပေါင်းလုပ်ဆောင် ရေး တွေ့ဆုံဆွေးနွေးတိုင်ပင်ခဲ့ကြပြီး HR Business အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။





## J-PRO Vocational School

CareerVerse နှင့် J-PRO Vocational School တို့သည် လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရေးအစီအစဉ်များအတွက် ပူးပေါင်းရန် MOU အား ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့တွင် J-PRO Vocational School ၌ လက်မှတ်ရေးထိုးခဲ့ကြပြီး IT Industry အတွက် လူ့စွမ်းအားအရင်းအမြစ်ပံ့ပိုးသည့် အကျိုးတူပူးပေါင်းခြင်းများအား ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။







## Ri Institute

CareerVerse နှင့် Ri Institute တို့သည် လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရေးအစီအစဉ်များတွင် ပူးပေါင်းလုပ်ဆောင်နိုင်ရန်အတွက် HR Pool Program နှင့်ပတ်သက်သော အစည်းအဝေးတစ်ရပ်ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့တွင် RI Institute Campus ၌ ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးတွင် CareerVerse နှင့် RI Institute ကြား Intern ခေါ်ယူရေး နှင့် HR Pool Program ပူးပေါင်းလုပ်ဆောင်ရေးတို့အတွက် ပထမဦးစွာ MOU လက်မှတ်ရေးထိုးနိုင်ရေး စီစဉ်ကြရန် နှစ်ဖက်တိုင်ပင်ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။






## ရန်ကုန်စီးပွားရေးတက္ကသိုလ်

MPSS နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့သည် လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရေးအစီအစဉ်များတွင် ပူးပေါင်းလုပ်ဆောင်နိုင်ရန်အတွက် MOU လက်မှတ်ရေးထိုးပွဲကို ၂၀၂၅ ခုနှစ်၊ မတ်လ (၇) ရက်နေ့တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် ကမာရွတ်မြို့နယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ မွေးထုတ်ပေးလာမည့် အနာဂတ် အသိပညာရှင် အတတ်ပညာရှင်များအား Intern ခေါ်ယူရေးနှင့် သက်ဆိုင်သော လူ့စွမ်းအားအရင်းအမြစ်ပံ့ပိုးသည့် အကျိုးတူပူးပေါင်းခြင်းများအား ဆောင်ရွက်နိုင်ပါရန်အတွက် နှစ်ဘက်သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။







## OCTOVERSE Branding အတွက် Public Sector များတွင် ပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းများ

OCTOVERSE အနေဖြင့် မိမိတို့၏ Brand အား Market Positioning တစ်ခုရရှိနိုင်ရေးအတွက် Public နှင့် တိုက်ရိုက်ထိတွေ့နေသော ကျောင်းများ၊ လုပ်ငန်းအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များမှဦးစီး၍ ကျင်းပပြုလုပ်သော ပွဲများတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

# မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အခမ်းအနား

၂၀၂၄ ခုနှစ် ဇန်နဝါရီလ (၂၆/၂၇) ရက်တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့်ကွန်ပျူတာအသင်းများ၏ (၂၅) နှစ်ပြည့်ငွေရတုတွင် Octoverse အနေဖြင့် ပါဝင်အားဖြည့်ကူညီခဲ့ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များနှင့် နိုင်ငံတော် အကြီးအကဲများ၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စီးပွားရေးပညာရှင်များအား မြန်မာနိုင်ငံသားများ ရာခိုင်နှုန်းပြည့်ပိုင်ဆိုင်သော Payment Gateway Service ဖြစ်သည့် Myanmar Payment Solution Services Company Limited (MPSS) ၏ Product ဖြစ်သော Octoverse အကြောင်းကို ရှင်းလင်းတင် ပြခဲ့ပါသည်။








## Myanmar National Telecom Holding Public Co., Ltd. (MNTH)

MTI အများပိုင်ကုမ္ပဏီသည် Myanmar National Telecom Holding Public Co., Ltd. (MNTH) အများပိုင်ကုမ္ပဏီတွင် အစုရှယ်ယာ ၁၀.၇၆ % ပိုင်ဆိုင်ပါသည်။ ယခုလက်ရှိအချိန်အထိ မြန်မာကျပ်ငွေ ၆.၂၈၆ ဘီလီယံ ရင်းနှီးမြှုပ်နှံထားခြင်းကြောင့် MTI က အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီလည်းဖြစ်ပါသည်။ MNTH အများပိုင်ကုမ္ပဏီသည် Mytel တွင် အစုရှယ်ယာ ၁၂ % ပိုင်ဆိုင်ပါသည်။

MNTH သည် Myanmar National Telecom Infra Co., Ltd. (MNTI) ကို တည်ထောင်ကာ တာဝါတိုင် တည်ဆောက်ခြင်းလုပ်ငန်းကို လုပ်ကိုင်လျှက်ရှိပါသည်။ တာဝါတိုင်ပေါင်း (၃၅၀) ကျော်ရှိပြီး MNTI ၏ လစဉ် Revenue သည် (၁.၃) ဘီလီယံကျပ်ခန့် ရှိကာ ကုန်ကျစရိတ်များနုတ်လိုက်ပါက ကျပ်သန်း (၇၅၀) ကျော်ရှိသည်ဟု သိရှိရပါသည်။ MNTI ကုမ္ပဏီ ၏ Value သည် (၉၀) ဘီလီယံကျပ် ဖြစ်ပြီး၊ MTI သည် MNTH တွင် (၁၀.၇၆ %) ပိုင်ဆိုင်ခြင်းကြောင့် (၁၁.၉၅) ဘီလီယံကျပ် ပိုင်ဆိုင်သည်ဟု ယူဆနိုင်ပါသည်။ ၎င်းအပြင် Mytel ကုမ္ပဏီတွင် MNTH ကုမ္ပဏီသည် ကနဦးရင်းနှီးမြှုပ်နှံစဉ်က (၄၃.၅) Million USD ထည့်ဝင်ခဲ့ခြင်းဖြစ်ရာ MTI သည် MNTH တွင် (၁၀.၇၆ %) ပိုင်ဆိုင်ခြင်းကြောင့် (၄.၆၈) Million USD ထည့်ဝင်ခဲ့ပါသည်။ ရှေ့လုပ်ငန်းအလားအလာများကိုထည့်မတွက်ဘဲ ယခင်ကနဦးထည့်ဝင်ခဲ့သည့် တန်ဖိုးသည် ယနေ့ Exchange Rate နှင့် ဆိုပါက (၂၀) ဘီလီယံကျပ်ကျော်ရှိသည်ကိုတွေ့ရှိရမည်ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့် MNTI တွင်ရှိသည့် Value ကိုပါ ထည့်သွင်းတွက်ချက်ပါက (၃၂) ဘီလီယံကျပ်နီးပါး ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် အမြတ်ဝေစုများ ခွဲဝေခြင်းကို (၅) နှစ်ခန့်ရွှေ့ဆိုင်း ထားသော်လည်း ယခုလက်ရှိ Revenue သည် နောင် (၅) နှစ်ကျော်အချိန်ကာလအထိ သေချာသည်ဟု သိရှိရခြင်းကြောင့် မိမိတို့၏ ရင်းနှီးမြှုပ်နှံထားမှုအပေါ် စိုးရိမ်စရာမလိုဘဲ အချိန်ကာလတစ်ခုသို့ ရောက်ရှိပါက မလွဲမသွေ အမြတ်ဝေစုများရရှိလာမည်ဖြစ်ပါသည်။

## Products

### ၁။ Inventory Management System

Warehouse များ၏ stock များကို control လုပ်ပေးသော system တစ်ခုဖြစ်ပါသည်။ Inventory Management System တွင် Set up Module နှင့် နေ့စဉ်ရရှိသော stock များ၊ လက်ကျန် Stock များကို ကြည့်၍ Warehouse များမှ Opening stock, Stock receive, Stock Transfer, Stock Damage, QC Stock များ စသော Stock Control module များပါဝင်ပါသည်။ အဓိကအနေဖြင့် Inventory Management system တွင် Delivery Order, Deliver Order Complete, Delivery Cancellation စသည်ဖြင့် DO Module ကို Control လုပ်နိုင်သည့် စနစ်များ ပါဝင်ပါသည်။ ဌာနအတွင်းရှိဝန်ထမ်းများ၏ Permission များကို စိတ်ကြိုက်စီမံနိုင်ခြင်း၊ အထက်အရာရှိမှ approved ပေးခြင်း၊ စသော features များပါဝင်ပါသည်။ ဤစနစ်အား MTI က လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန(ရန်ကုန်)တွင် အသုံးပြုရန်ရေးဆွဲပေးခဲ့ခြင်း ဖြစ်ပါသည်။

## ၂။ E-voting System

Admin Panel - ကွန်ပျူတာစနစ်ဖြင့် ဆန္ဒမဲပေးနိုင်သည့် (e-voting) ဆော့ဖ်ဝဲလ်ကို MTI ကုမ္ပဏီက အောင်မြင်စွာရေးသားဖန်တီးပေးခဲ့ပါသည်။ ထိုစနစ်တွင် User Management (အသုံးပြု သူထိန်းချုပ်ခြင်း) ၊ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ အသေးစိတ်အချက် အလက်များထည့်သွင်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်ခြင်း၊ မဲပေးမှတ်တမ်း (Voting Record List) များနှင့် မဲရလဒ် (Voting Result List) များကြည့်ရှုနိုင်ခြင်း၊ Report များထုတ်နိုင်ခြင်း၊ စသည်တို့ကို ပြုလုပ်နိုင်ပါသည်။

Generator Panel – မဲပေးရန်အတွက် Voter ID ထုတ်ပေးခြင်း၊ မဲပေးမည့်သူများအား အွန်လိုင်းက တစ်ဆင့် မဲပေးနိုင်ရန် Bulk SMS ပို့ပေးနိုင်ခြင်း၊ ထုတ်ယူပြီးသော ID များကို Voter ID List တွင်ပြန်၍ကြည့်ရှုနိုင်ခြင်း။

Voter Panel – မဲပေးသူ voter ဘက်မှ voter ID အသုံးပြု၍ မဲပေးနိုင်ခြင်း၊ ဝင်ရောက်ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်းများ၏ အသေးစိတ်အချက်အလက်များအား ဝင်ရောက်ကြည့်ရှုနိုင်ခြင်း၊ စသည့်စနစ်များပါဝင်ပါသည်။ ယခုအချိန်အထိ အောက်ဖော်ပြပါကုမ္ပဏီများ၊ အသင်းအဖွဲ့များတွင် အောင်မြင်စွာအသုံးပြုခဲ့ပြီး ဖြစ်ပါသည်။

(၁) မြန်မာနိုင်ငံဆရာဝန်များအသင်း (MMA)

(၂) ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၃) နေပြည်တော် ကွန်ပျူတာလုပ်ငန်းရှင်အသင်း

(၄) မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းအများပိုင်ကုမ္ပဏီ (MTI)

(၅) မြန်မာနိုင်ငံသားများဘဏ် (MCB) (**နှစ်စဉ်နှစ်တိုင်းပြုလုပ်လျက်ရှိသည်။)**

(၆) မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MCBA)

(၇) မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်းပက်ဘလစ်အများပိုင်ကုမ္ပဏီ (MTSH) **(နှစ်စဉ်နှစ်တိုင်းပြုလုပ်လျက်ရှိသည်။)**

## ၃။ STT Car Service Map

မြန်မာနိုင်ငံရှိ Workshop List များကို တစ်နေရာတည်းတွင် ကြည့်ရှုနိုင်ရန်နှင့် မိမိတို့၏ အနီးအနား တွင်ရှိသော workshop များကိုလည်း ဆိုင်၏အမည်များအလိုက်လည်းကောင်း၊ ဝန်ဆောင်မှုအမျိုးအစားအလိုက် လည်းကောင်း၊ ရှာဖွေနိုင်မည်ဖြစ်ပါသည်။ ဤ Application အား Shwe Taung Tet Myanmar ကုမ္ပဏီအတွက် ရေးဆွဲထားခြင်းဖြစ်ပါသည်။

**Android App** -https://play.google.com/store/apps/details?id=com.car_service_map&hl=en&gl=US

**iOS App** -https://apps.apple.com/mm/app/stt-car-service-map/id1512299703

## ၄။ Corporate Website

ကုမ္ပဏီများအတွက် ကိုယ်ပိုင် website များရေးဆွဲပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိ ပါသည်။ ရေးဆွဲပေးခဲ့သော website များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

၁။ MTI - http://www.mti.com.mm/

၂။ Loyar Myanmar - http://www.loyarmyanmar.com/

၃။ Thanlarmon Trading - http://www.thanlarmontrading.com/

၄။ Hsu Myanmar Trading - http://www.thanlarmontrading.com/

၅။ MCIA Website - https://mcia-yangon.org.mm/ (modified)

၆။ D United Electric - https://dunitedelectric.com/

## ၅။ Loyar Place API

Loyar Passenger Application တွင် Location ရှာသည့်အခါ Google API cost များကို လျှော့ချနိုင်ရန်အတွက် ရေးသားထားသော Systemဖြစ်ပါသည်။ Loyar Application တွင် location တခုကို ရှာပါက ပထမဦးစွာ database တွင်ရှာလိုက်သော keyword နှင့်တူသော data များ ရှိမရှိကို ဦးစွာအရင်စစ်ဆေးပါသည်။ စစ်ဆေးပြီးနောက် data များရှိနေပါက Google API ကို သွားမခေါ်တော့ဘဲ database တွင် ရှိသော place များကို list ဖြင့်ပြပေးပါသည်။ data များ မရှိပါက google ကိုသွားခေါ်ပြီး Google မှ ပါလာသော data များကို database တွင်သိမ်းဆည်းပါသည်။

## ၆။ Pride of Myanmar: မြန်မာနိုင်ငံအတွင်း ထုတ်ကုန်များကို တစ်နေရာတည်းတွင် ရှာဖွေပါ။

Pride Of Myanmar သည် မြန်မာနိုင်ငံရှိ ပြည်တွင်းထုတ်ကုန်များအားစုစည်း၍ တစ်နေရာတည်းတွင် ရှာဖွေကြည့်ရှုနိုင်သော Application တစ်ခုဖြစ်ပါသည်။ ယခု Application ၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များကို အလွယ်တကူချိတ်ဆက်နိုင်စေရန်နှင့် ပြည်တွင်း ထုတ်ကုန်များကို မြန်မာပြည်သူများသာမက နိုင်ငံခြားခရီးသွားများအတွက် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်သောဒေသထွက်ကုန်နှင့် SME ထုတ်ကုန်များကို အလွယ်တကူရှာဖွေနိုင်မည်ဖြစ်ပါသည်။

လုပ်ငန်းရှင်များသည် Application တွင် လာရောက်ပြီး Register ပြုလုပ်၍ မိမိတို့၏ထုတ်ကုန်များကို ကြော်ငြာနိုင်ပါသည်။ အထူးသဖြင့်၊ ထုတ်ကုန်များကို မျှဝေခြင်းနှင့် မိမိ၏ စီးပွားရေးကိုတိုးတက်စေရန် အထောက်အကူပြုပါသည်။ လုပ်ငန်းရှင်များသည် တစ်နေရာတည်းတွင် မိမိတို့၏ ထုတ်ကုန်များကို ကြည့်ရှုနိုင်ပြီး အချင်းချင်း လိုအပ်ချက်များအား မျှဝေရန် အခွင့်အရေး ရရှိမည်ဖြစ်ပါသည်။

App သည် စားသုံးကုန်၊ လူသုံးကုန်၊ တိုင်းရင်းဆေးဝါး စသဖြင့် အမျိုးအစားများအလိုက် ထုတ်ကုန်များကို လွယ်ကူစွာရှာဖွေနိုင်ရန် ရေးဆွဲထားပါသည်။ **Pride of Myanmar Application** သည် မြန်မာနိုင်ငံထုတ်ကုန်များကို ပိုမိုလွယ်ကူစွာရှာဖွေရန်နှင့် လုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်၍ တိုးတက်မှုများပြုလုပ်နိုင်ရန် ရည်ရွယ်၍ ဖန်တီးထားခြင်းဖြစ်ပါသည်။ ယခုအခါ ပိုမိုကောင်းမွန်သော features များဖြင့် အများပြည်သူများရှေ့မှောက်သို့ ရောက်ရှိလာနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

## ၇။ Lucky Draw Application

Company / Organization များမှ ၎င်းတို့၏ ဝန်ထမ်းများ၊ အသုံးပြုသူများအား ကျေးဇူးတုံ့ပြန်သော အားဖြင့် မဲဖောက်ပေးရာတွင် အသုံးပြုနိုင်ရန် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ prize များအား မဲဖောက်ပေးရာတွင် ဂဏန်းခြောက်လုံးပါ ကုတ်နံပါတ်များကို အသုံးပြု၍ random spin လှည့်ကာ မဲဖောက်ပေးသော system တစ်ခု ဖြစ်ပါသည်။ Lucky Draw System တွင် မဲဖောက်ပေးမည့် ပစ္စည်းများထည့်သွင်းခြင်း၊ မဲဖောက်ပေးရန် coupon code များထုတ်ပေးကာ မဲဖောက်ပေးခြင်း၊ မဲဖောက်ပေးရမည့် လူများအား ထည့်သွင်းကာ မဲဖောက်ပေးခြင်းနှင့် ရလဒ်များအား ဖော်ပြပေးခြင်း စသော module များပါဝင်ပါသည်။ မဲဖောက်ရာတွင် အဓိကအနေဖြင့် Registration Person များအား spin လှည့်ကာ မဲဖောက်ပေးခြင်းနှင့် Coupon များအား spin လှည့်ကာ မဲဖောက်ပေးခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။ မဲဖောက်ရာ တွင် prize တခုချင်းစီ အလိုက်ရွေးချယ်ကာ တစ်ကြိမ်ချင်းစီ မဲဖောက်ပေးခြင်း၊ ဖောက်ပေးမည့်အကြိမ်အရေအတွက်အား တစ်ပါတည်းသတ်မှတ်၍ မဲဖောက်ပေးခြင်း၊ spin အားရပ်ခြင်း၊ စသည့် feature များပါဝင်ပါသည်။

(၁) Momentum Plus Event Planner အတွက် တစ်ကြိမ်

(၂) Myanmar Heineken အတွက် တစ်ကြိမ် ပြုလုပ်ပေးခဲ့ပါသည်။

## ၈။ Reservation and Queue Management System for Clinic and hospital

Covid-19 ကပ်ရောဂါအတွင်း vaccine ထိုးရန်နှင့် ဆေးရုံဆေးခန်းများတွင် Booking ပြုလုပ်နိုင်ရန် ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်သည်။ Queue Management System သည် Appointment များနှင့် booking များ အားစနစ်တကျသတ်မှတ်ပေးကာ အစီအစဉ်အလိုက်ဖြစ်အောင် Control လုပ်ပေးသောစနစ်တစ်ခုဖြစ်ပါသည်။ ထိုစနစ်တွင် Time-based Service ၊ Token-based Service ဖန်တီးခြင်း၊ Doctor များအားထည့်သွင်းခြင်း၊ Blog news များဖန်တီးခြင်း၊ Announcement များကြေငြာခြင်း၊ Service များအတွက် တစ်ဦးချင်း (သို့မဟုတ်) group အနေဖြင့် booking များပြုလုပ်ခြင်း၊ Doctor တစ်ဦးချင်းစီအလိုက်လည်း booking ပြုလုပ်နိုင်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ Customer booking များအား အစဉ်လိုက်ခေါ်ယူနိုင်ခြင်း၊ Customer များမှ မိမိတို့ပြုလုပ်ထားသော Service booking များနှင့် Doctor booking များအား ခေါ်ယူနေမှုများကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ခြင်းနှင့် Customer များ၏ သက်ဆိုင်ရာ information များကို အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားပေးခြင်း၊ System Setting များအား Manage လုပ်နိုင်ခြင်း၊ စသော feature များပါဝင်ပါသည်။ Queue Management System တွင် အဓိကအားဖြင့် Service feature နှင့် Doctor feature ဟူ၍ main feature နှစ်ခုပါဝင်ပါသည်။ Service feature တွင် Time-based service (booking ပြုလုပ်ရာတွင် customer က Service အချိန်အတွင်းမှ အချိန်အပိုင်းအခြားကို ရွေးချယ်နိုင်သော service)၊ Token-based service (booking ပြုလုပ်ရာတွင် customer အား token နှင့် အချိန်အား အလိုအလျောက် ထုတ်ပေးသော service)နှင့် Manual Token-based service (service ပြုလုပ်သူမှသာ booking token ထုတ်ပေး နိုင်သော service) ဟူ၍ ပါဝင်ပါသည်။ Doctor feature တွင် Doctor များအား specialist အလိုက် (သို့မဟုတ်) department အလိုက် working time များနှင့်တကွ

ထည့်သွင်းကာ Customer များမှ Doctor ၏ သက်ဆိုင်ရာ အချိန်အလိုက် booking ပြုလုပ်နိုင်သော စနစ်များပါဝင်ပါသည်။ ထို့အပြင် feature များအား အသုံးပြုခွင့် Permission များကို စိတ်ကြိုက်စီမံနိုင်ခြင်း၊ အသုံးပြုသူများအား ထည့်သွင်းနိုင်ခြင်း၊ စသည်များလည်းပါဝင်ပါသည်။

## ၉။ Auctions Website

အွန်လိုင်းလေလံပွဲဝက်ဘ်ဆိုဒ်အား လေလံအသုံးပြုသူများ (သို့မဟုတ်) ပါဝင်သူများသည် အင်တာနက်မှ တစ်ဆင့် ကုန်ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုများအတွက် လေလံတင်ရောင်းချရန် ရည်ရွယ်ကာ ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ covid-19 ကဲ့သို့သော ကပ်ရောဂါကာလမျိုးတွင်ပင် မတူညီသောနေရာများရှိ ဝယ်သူများနှင့် ရောင်းချသူများအကြား အွန်လိုင်းမှဝယ်ယူရောင်းချနိုင်သောကြောင့် အဆင်ပြေချောမွေ့စေမည်ဖြစ်ပါသည်။ လေလံရောင်းဝယ်ပွဲများ ပြုလုပ်ကျင်းပခြင်းကို online မှတစ်ဆင့် လုပ်ဆောင်နိုင်မည့်စနစ်တစ်ခုဖြစ်ပါသည်။ Auction Website တွင် သက်ဆိုင်ရာ လေလံပွဲ များအလိုက် Auction Company Registration, Auction Information, Auction Settings, Auction Items Import စသည့် Auction Setup module များပါဝင်ပါသည်။ Supplier များအတွက်လည်း သက်ဆိုင်ရာ Company မှ Register လုပ်နိုင်မှာဖြစ်ပြီး Company နှင့် သက်ဆိုင်သည့် လေလံပွဲများတွင် Item များကို ထည့်သွင်းနိုင်မှာဖြစ်ပါသည်။ Auction Website တွင် Auction များကို အချိန်နှင့်တစ်ပြေးညီ publish လုပ်နိုင်မှာဖြစ်ပြီး လေလံလာရောက်ဆွဲမည့်သူများအတွက် Account Registration, Profile Management, Payment Transaction များကို လုပ်ဆောင်နိုင်မည့်စနစ်များပါဝင်ပါသည်။ online မှ လေလံပွဲသို့ လာရောက်သူများတွင် Customer များအတွက် Visitor Mode နှင့် Bidder Mode ဟူ၍ မိမိစိတ်ကြိုက် Auction User အနေဖြင့် ပြုလုပ်နိုင်မည်ဖြစ်ပြီး Bidder များအနေဖြင့် Auction Item များကို အချိန်နှင့်တစ်ပြေးညီ လေလံဆွဲခြင်းပြုလုပ်နိုင်ခြင်း၊ bidding process များကို အချိန်နှင့်တစ်ပြေးညီကြည့်ရှုနိုင်ခြင်း၊ စသောစနစ်များ ပါဝင်ပါသည်။ လေလံပွဲကျင်းပပြီးနောက် Won Item, Lost Item များကို System မှ အလိုလျောက်တွက်ချက်ပေးသွားမှာဖြစ်ကာ အချိန်နှင့်တစ်ပြေးညီ Winner များကို ကြည့်ရှုနိုင်မည့်စနစ်များနှင့် Winner များပေးချေရမည့် ပမာဏများအားလုံးကို System တွင် အလွယ်တကူကြည့်ရှု နိုင်မည့်စနစ်များလည်း ပါဝင်မည်ဖြစ်ပါသည်။ ထို့အပြင် သက်ဆိုင်ရာ winner များအား invoice များပေးပို့ခြင်း၊ ငွေပေးချေခြင်းစသည်တို့ကိုပါ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ Admin User များအတွက်လည်း အသုံးပြုခွင့် Permission များအား စိတ်ကြိုက်မီမံခန့်ခွဲနိုင်ခြင်း၊ Website ၏ Setting များကို ပြင်ဆင်နိုင်ခြင်း၊ Announcement များထုတ်ပြန်ခြင်း၊ သတင်းများထုတ်ပြန်နိုင်ခြင်း၊ FAQ များကို သတ်မှတ်နိုင်ခြင်း၊ စသော feature များလည်းပါဝင်မည်ဖြစ်ပါသည်။

## ၁၀။ Payment Gateway System

ငွေပေးချေရန်လိုအပ်သည့် Online Business များ Online မှ Digital Payment မျိုးစုံကို တစ်နေရာတည်းတွင် လွယ်ကူစွာချိတ်ဆက်ပေးချေနိုင်သော All-in-one Payment Solution System တစ်ခုဖြစ်ပါသည်။ ဤ system ကို Myanmar Payment Solution Service (MPSS) ၏ "Octoverse Gateway" အတွက် ရေးဆွဲထားခြင်းဖြစ်ပါသည်။ ယခုလက်ရှိတွင် ပြည်တွင်းပြည်ပ Payment Methods ပေါင်း (၂၁) နှင့် ချိတ်ဆက်

အသုံးပြုနိုင်စေရန် ရေးဆွဲထားပါသည်။ System Administrator များအနေဖြင့် Merchant တစ်ခုချင်းစီအလိုက် Payment Transaction များ အလွယ်တကူကြည့်ရှုစစ်ဆေးခြင်း ၊ Merchants များအတွက် Settlement Report များလွယ်ကူစွာ ရှင်းလင်းထုတ်ပြန်ခြင်းများ စသည်ဖြင့်ပြုလုပ်နိုင်ရန်လည်း ရေးဆွဲထားပါသည်။ ထို့အပြင် Business Partner User များအဖြစ်စာရင်းသွင်းထားသောအခြား Business System မှ Merchant များကို Subscribe ပြုလုပ်နိုင်ရန်၊ Merchant Transaction Data များလုံခြုံစွာကြည့်ရှုစစ်ဆေးနိုင်ရန် Secure API များကိုလည်း ထည့်သွင်းရေးဆွဲထားပါသည်။

## ၁၁။ Octoverse

System ၏ လိုအပ်ချက်အရ Codebase တစ်ခုလုံးတွင် Variable Name တစ်ချို့အား ပြုပြင်ပြောင်းလဲပေးခြင်း၊ Merchant Integration Type နှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲပေးခြင်း၊ စသည်တို့ကို ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါသည်။ လက်ရှိတွင်လည်း Octoverse အတွက် လိုအပ်သည့် update များကို လုပ်ဆောင်ပေးလျှက်ရှိပါသည်။

## ၁၂။ Program Management System

ရုပ်မြင်သံကြားထုတ်လွှင့်မှုများ၊ ရေဒီယိုထုတ်လွှင့်မှုများနှင့် အခြားအစီအစဉ်ရေးဆွဲမှုများ တွင်အသုံးပြုနိုင်ရန် ရေးဆွဲထားသော System တစ်ခုဖြစ်ပါသည်။ အစီအစဉ်များကို နေ့စဉ်အလိုက်၊ ရက်စွဲအလိုက်၊ ရက်သတ္တပတ်အလိုက် ရေးဆွဲနိုင်သည့်အပြင် Drag and Drop အသုံးပြု၍လည်း လွယ်ကူစွာရေးဆွဲနိုင်ပါသည်။ အစီအစဉ်များရေးဆွဲရာတွင် ကြာချိန်များကို အလိုအလျောက်စီစဉ်တွက်ချက်ပေးသည့်အတွက် လွယ်ကူစွာအချိန်စီမံခန့်ခွဲမှုများ ပြုလုပ်နိုင်ပါသည်။ ထို့အပြင် အစီအစဉ်များကို တစ်နေ့ချင်းစီအလိုက် ခွင့်ပြုချက်တောင်းခံခြင်း၊ Approver များမှ အတည်ပြုခြင်း/ ပယ်ချခြင်းများကိုလည်း ပြုလုပ်နိုင်ပါသည်။ ထိုလုပ်ငန်းစဉ်များတွက် အလိုအလောက်အသိပေးချက် (Notification) များကိုလည်း System တွင်ထည့်သွင်းရေးဆွဲထားပါသည်။ ယခု ဤ System ကို မြန်မာ့ရုပ်မြင်သံကြား (MRTV Planning Department) မှ အသုံးပြုလျက်ရှိပါသည်။ အခြားသော အစီအစဉ်ရေးဆွဲရေးဌာနများလည်း အသုံးပြုလာနိုင်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

## ၁၃။ Airshow

MRTV Planning ဘက်မှ ရေးဆွဲထားသော အစီအစဉ်များကို Approve တင်ပြီး၍ အတည်ပြုပြီးနောက် Airshow ဖက်သို့ ပေးပို့ရာတွင် အဆင်ပြေလွယ်ကူမှုရှိစေရန် ရေးဆွဲပေးထားသော System တစ်ခုဖြစ်ပါသည်။ MRTV planning ဘက်မှရေးဆွဲထားသော အစီအစဉ်များကို Airshow သို့ ပေးပို့လာပါက ထိုအစီအစဉ်များကို ဝင်ရောက်၍ကြည့်နိုင်သလို Airshow ဘက်မှ လိုအပ်ချက်အရလည်း ထိုအစီအစဉ်များကို ပြန်လည်ပြုပြင်ရေးဆွဲနိုင်မည်ဖြစ်ပါသည်။ Drag and Drop အသုံးပြု၍လည်း လွယ်ကူစွာရေးဆွဲနိုင်ပါသည်။ ထို့အပြင် အစီအစဉ်များကို တစ်နေ့ချင်းစီအလိုက် ခွင့်ပြုချက်တောင်းခံခြင်း၊ Approver များမှ အတည်ပြုခြင်း/ ပယ်ချခြင်းများကိုလည်း

ပြုလုပ်နိုင်ပါသည်။ ထိုလုပ်ငန်းစဉ်များအတွက် အလိုအလောက်အသိပေးချက် (Notification) များကိုလည်း System တွင်ထည့်သွင်းရေးဆွဲထားပါသည်။ ခွင့်ပြုချက်ရရှိပြီးနောက် MRTV-Planning သို့လည်း Airshow ဘက်မှ ပြုပြင်ထားသည်များကို ပြန်လည်ပြနိုင်သည့်စနစ်ပါရှိပါသည်။

## ၁၄။ Radio-Library

ရေဒီယိုထုတ်လွှင့်ရန်အတွက်လိုအပ်သော Audio File များနှင့် Audio File ၏ အသေးစိတ်အချက်အလက်များထည့်သွင်းထားနိုင်ရန် ရေးဆွဲပေးထားသော System တစ်ခုဖြစ်ပါသည်။ Audio File များကို တစ်ပုဒ်ချင်း Upload လုပ်၍ Register လုပ်နိုင်သလို တချိန်ထဲတွင် Audio File အများကြီးကို Upload လုပ်၍လည်း Register လုပ်နိုင်ပါသည်။ Excel File ဖြင့်လည်း Audio File များ၏ အချက်အလက်များ ကြိုတင်ဖြည့်သွင်းထားနိုင်ပါသည်။ Audio file များကို Category, Subcategory များခွဲ၍ သိမ်းဆည်းထားနိုင်ပါသည်။ Track number မထွက်သေးသော Audio file များကို ယာယီအသံဖိုင်စာရင်းအောက်တွင် သီးသန့်ခွဲကာ သိမ်းဆည်းထားနိုင်ပါသည်။ Audio file များကို Playlist များခွဲ၍လည်း ထည့်ထားနိုင်ပါသည်။ Audio Register လုပ်ရာတွင် ရွေးချယ်ရသည့် Genre များ Album များ Tag များကိုလည်း ကြိုတင်ထည့်သွင်းထားနိုင်သလို Register လုပ်ရာတွင် ထပ်ထည့်စေလိုသော Field များရှိပါကလည်း Text/ Number/ Date စသည့် field type များ ရွေးချယ်ကာ field အသစ်တခုပြုလုပ်၍ရပါသည်။ ထည့်သွင်းထားသော Audio File များကို အလွယ်တကူရှာဖွေနိုင်ရန်အတွက် လိုအပ်သည့် filter အကုန်လုံးကိုလည်း ထည့်ပေးထားပါသည်။ Audio File အချက်အလက်များကို Excel format ဖြင့် Export ထုတ်နိုင်သလို Audio File အချက် အလက်များအပြင် Audio အသံ File များကိုပါ Archive လုပ်နိုင်ရန်အတွက် zip file format ဖြင့် download လုပ်ကာ သိမ်းဆည်းထားနိုင်သည့် feature လည်းပါဝင်ပါသည်။

## ၁၅။ Radio-Planning

ရေဒီယိုထုတ်လွှင့်မှုအတွက် အစီအစဉ်ရေးဆွဲရာတွင် အသုံးပြုနိုင်ရန် ရေးဆွဲထားသော System တစ်ခုဖြစ်ပါသည်။ အစီအစဉ်များကို နေ့စဉ်အလိုက်၊ ရက်စွဲအလိုက်၊ ရက်သတ္တပတ်အလိုက် ရေးဆွဲနိုင်သည့်အပြင် Drag and Drop အသုံးပြု၍လည်း လွယ်ကူစွာရေးဆွဲနိုင်ပါသည်။ အစီအစဉ်များရေးဆွဲရာတွင် ကြာချိန်များကို အလိုအလျောက်စီစဉ်တွက်ချက်ပေးသည့်အတွက် လွယ်ကူစွာအချိန်စီမံခန့်ခွဲမှုများပြုလုပ်နိုင်ပါသည်။ ထို့အပြင် အစီအစဉ်များကို တစ်နေ့ချင်းစီအလိုက် ခွင့်ပြုချက်တောင်းခံခြင်း၊ Approver များမှအတည်ပြုခြင်း/ ပယ်ချခြင်းများကိုလည်း ပြုလုပ်နိုင်ပါသည်။ ထိုလုပ်ငန်းစဉ်များအတွက် အလိုအလောက်အသိပေးချက် (Notification) များကိုလည်း System တွင်ထည့်သွင်းရေးဆွဲထားပါသည်။ Program များကို Announcer များအား Assign ချပေး သောစနစ်လည်းပါဝင်ပါသည်။

## ၁၆။ Tickets Management System (Myantickets)

Ticket Management System သည် အီးဗီမြန်မာအုပ်စု၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော MyanTickets အတွက် လက်မှတ်မျိုးစုံရောင်းချပေးရန်ရည်ရွယ်ရေးဆွဲထားသော အပလီကေးရှင်းတစ်ခုဖြစ်ပါသည်။ အများပြည်သူနှင့် သက်ဆိုင်သော လက်မှတ်မျိုးစုံကို တစ်နေရာတည်းတွင် မှန်ကန် မြန်ဆန် စိတ်ချရပြီး Digital Payment များ အသုံးပြုကာ အချိန်ကုန်သက်သာ လွယ်ကူမြန်ဆန် စွာဝယ်ယူနိုင်ရေးအား အဓိကထားရည်ရွယ်ရေးဆွဲထားသော လူတိုင်းဝယ်ယူနိုင်သည့် ဝက်ဘ်အပလီကေးရှင်းတစ်ခုဖြစ်ပါသည်။ MyanTickets တွင် တိုက်ရိုက်ရောင်းချသောပွဲများ တက်ရောက်ခြင်းကို လူတိုင်းအွန်လိုင်းမှတစ်ဆင့်ဝယ်ယူအသုံးပြုနိုင်ရန်ရည်ရွယ်ပါသည်။ ယခုလက်ရှိ myantickets.com တွင် "ဖေးမကူညီ၊ ပိုင်ဆိုင်ရမည် အီးဗီတက္ကစီ" အတွက် အလှူငွေ မေတ္တာလက်ဆောင်ကံစမ်းမဲလက်မှတ်များ လွယ်ကူစွာ ထုတ်လုပ်ပေးနိုင်ရန် ရေးဆွဲထားပါသည်။ ထို့အပြင် feature များပိုမိုစုံလင်သော Ticket Management System တစ်ခုအဖြစ် မြှင့်တင်ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် Mobile Application (Android, IOS) ထုတ်ပေးနိုင်ရန်လည်း ဆက်လက်ကြိုးစားရေးဆွဲလျက်ရှိပါသည်။

## ၁၇။ Member Directory System (MCBA)

မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MCBA) အတွက် ရေးဆွဲပေးထားသော Web Application တစ်ခုဖြစ်ပါသည်။ Events, News, Advertisements, Library စသည်များဖြင့် Web Application တွင်ဖော်ပြနိုင်ပါသည်။ မြန်မာတစ်နိုင်ငံလုံးရှိ MCBA member များ လွယ်ကူစွာစာရင်းသွင်းနိုင်ခြင်း၊ ကိုယ်တိုင်စာရင်းသွင်းလျှောက်ထားနိုင်သည့်အပြင်၊ Administrator များမှ စာရင်းသွင်းလျှောက်ထားသူများကို အတည်ပြုနိုင်ခြင်း၊ လွယ်ကူစွာရှာဖွေနိုင်သည့်အပြင်၊ Member များကိုယ်တိုင် Application အတွင်း ဝင်ရောက်အသုံးပြုနိုင်စေရန် ရေးဆွဲထားပါသည်။ ထို့အပြင် Member များ၏သက်တမ်း Expired ဖြစ်ပါက အလိုအလျောက် SMS ပို့ အသိပေးခြင်းများကိုလည်း ထည့်သွင်းရေးဆွဲထားပါသည်။

## ၁၈။ မဟာစည်

မဂ်အကျိုး ဖိုလ်အကျိုးတရားကိုဖြစ်ထွန်းပေါ်ပေါက်စေမည့် မဟာစည်ဆရာတော်ဘုရားကြီး၏ တရားတော်များပါဝင်သည့် မဟာစည်အက်(ပ်)သည် ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့သည့် တရားတော်များနှင့် မဟာစည်သာသနာ့ရိပ်သာကြီး၏ နေ့စဉ်သတင်းများကို တစ်ဆင့်ထုတ်လွှင့်လျက်ရှိသည့် တရားဓမ္မ အက်(ပ်)တခုဖြစ်ပါသည်။ ကမ္ဘာ့အရပ်ရပ်မှ ရဟန်း၊ ရှင်၊ လူ အပေါင်းတို့ မဟာစည်ဆရာတော်ကြီး ညွှန်ကြားပြသတော်မူခဲ့သည့် ဝိပဿနာ သတိပဋ္ဌာန်တရားတော်များကို လွယ်ကူစွာ နာယူ ဖတ်ရှု သိရှိ ကျင့်ကြံနိုင်ကြပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် အကျိုးတရားတို့ ပေါ်ပေါက်စေရန်ရည်ရွယ်၍ လွှင့်တင်ထားရှိသည့်အက်(ပ်)ဖြစ်ပါသည်။ မဟာစည်အက်(ပ်)တွင် မဟာစည် ဆရာတော်ဘုရားကြီး ဘဝတစ်သက်တာ ဟောကြားတော်မူခဲ့သည့်တရားတော်များ၊ ရေးသားပြုစုတော်မူခဲ့သည့် ကျမ်းစာအုပ်များအားလုံးကို စုစည်းဖော်ပြထားရှိပါသည်။

မဟာစည်သာသနာ့ရိပ်သာကြီးသို့ လာရောက်တရားအားထုတ်ရန်စာရင်းသွင်းခြင်း၊ ရဟန်းခံ ရှင်ပြုမင်္ဂလာ၊ အလှူဒါနကုသိုလ်ပြုလုပ်ရန် အစရှိသည့် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကိစ္စရပ်များကို မဟာစည်အက်(ပ်)မှ လွယ်ကူစွာ ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ကြရန်စီစဉ်ထားပါသည်။ မဟာစည်ဆရာတော်ဘုရားကြီး၏ တရားတော်များ၊ တရားစာအုပ်များကို တစ်ကမ္ဘာလုံးတွင်ရှိသော ဓမ္မမိတ်ဆွေများ အချိန်မရွေး နေရာမရွေး အလွယ်တကူ နာယူ ဖတ်ကြားနိုင်စေရန်ရည်ရွယ်၍ မဟာစည်အက်ပလီကေးရှင်းကို မဟာစည်သာသနာရိပ်သာအတွက် ရေးဆွဲပေးထား ခြင်းဖြစ်ပါသည်။ မဟာစည်ဆရာတော်ဘုရားကြီး၏ တရားတော်များနှင့် စာအုပ်များကို အက်ပလီကေးရှင်းအတွင်း ဖတ်ကြား နာယူနိုင်သလို Download ဆွဲပြီးလည်းသိမ်းထားနိုင်ပါသည်။ တရားစာအုပ်များတွင် အခမဲ့ပေးထားသော စာအုပ်များကိုသာ Download ရယူနိုင်မှာဖြစ်ပြီး၊ အခမဲ့ ပေးမထားသော စာအုပ်များကို စာအုပ်၏တန်ဖိုးအား လှူဒါန်းပေးရမှာဖြစ်ပြီး ထိုသို့လှူဒါန်းနိုင်ရန်အတွက် Payment Gateway နှင့်လည်း ချိတ်ဆက်ပေးထားပါသည်။ ထိုသို့ လှူဒါန်းဝယ်ယူရာတွင် စာအုပ်၌ အလှူရှင် ရေးထိုးချင်သော စာသားကိုလည်း စာမျက်နှာတိုင်း၏ ခေါင်းစီးနှင့် အောက်ခြေတွင် အလိုအလျောက် ရေးထိုးပေးသောစနစ်လည်း ပါရှိပါသည်။ ထို့အပြင် YouTube တွင် တိုက်ရိုက် ထုတ်လွှင့်ထားသော တရားတော်များကိုလည်း အပ်ပလီကေးရှင်း၏ Live Session တွင် တိုက်ရိုက် နာယူနိုင်မည်ဖြစ် ပါသည်။ မဟာစည်သာသနာ့ ရိပ်သာအတွင်း ကျင်းပပြုလုပ်သော တရားပွဲများ၊ အခမ်းအနားများ၊ အလှူပွဲများနှင့် ပတ်သက်၍လည်း Daily News ဟူ၍ အက်ပလီကေးရှင်းတွင် ပြသပေးထားပါသည်။

## ၁၉။ Warehouse Temperature Dashboard

Warehouse ၏ Temperature နှင့် Humidity ကို အလွယ်တကူသိရှိနိုင်ရန်အတွက် Warehouse တွင် တပ်ဆင်ထားသော Wailon Devices များမှတစ်ဆင့် Temperature နှင့် Humidity များကို အချိန်နှင့်တစ်ပြေးညီ Update ရယူကာ Dashboard တွင် zone အလိုက်ခွဲ၍ ပြသပေးထားသော System ဖြစ်ပါသည်။ Warehouse အတွက် real-time temperature နှင့် Humidity ကိုလည်း Zone အလိုက်ခွဲ၍ ပြသပေးထားပါသည်။ လက်ရှိ Date နှင့် Time ပေါ်အခြေပြု၍ Daily ပျမ်းမျှ Temperature နှင့် Humidity ကိုတွက်ချက်၍လည်း Zone အလိုက်ခွဲကာ ပြသပေးထားပါသည်။ Zone တစ်ခုချင်းစီအတွက် Maximum / Minimum Temperature နှင့် Humidity ကို ကြိုတင်သတ်မှတ်ထားနိုင်သည့် Setting လည်းပါဝင်ပါသည်။ Timely နှင့် Daily ပြထားသော Temperature နှင့် Humidity များသည် Setting ထည့်ထားသော Maximum ထက် ကျော်သွားပါက အနီရောင်ဖြင့်ပြပေးထားပြီး Minimum အောက် လျော့ကျသွားပါက အစိမ်းရောင် ဖြင့် ပြသပေးသည့်စနစ်လည်းပါဝင်ပါသည်။ Temperature နှင့် Humidity အတက် အကျများကို Line Charts ဖြင့်လည်း ပြပေးထားပြီး Line Charts ကို Hourly Monthly Yearly ဟူ၍လည်း မိမိစိတ်ကြိုက်ရွေးချယ်၍ ကြည့်နိုင်ပါသည်။ Bar Charts ဖြင့်လည်းပြထားပြီး လအလိုက် ရွေး၍လည်း ကြည့်ရှုနိုင်ပါသည်။ Maximum နှင့် Minimum Temperature Report များကိုလည်း Zone တစ်ခုချင်းစီ အလိုက်ဖြင့်လည်းကောင်း Date Time တို့ဖြင့်လည်းကောင်း ရှာ၍ Report ထုတ်ကာကြည့်နိုင်ပါသည်။ Excel Format ဖြင့်လည်း Export ထုတ်နိုင်ပါသည်။ Warehouse ၏ အပူချိန်သည် သတ်မှတ်ထားသည့် ကန့်သတ်ချက် များထက်ကျော်လွန်ပါက အသုံးပြုသူများ အားအသိပေးသည့် အလိုအလျောက် Notification ပို့ပေးသောစနစ် လည်းပါဝင်ပါသည်။

## ၂၀။ GAP AND Organic App

မြန်မာနိုင်ငံ သစ်သီးဝလံ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP)နှင့် တွဲဖက်ပြီး GAP and Organic Certificate လျှောက်ထားလာသူများကို Online မှ လွယ်ကူစွာဆောင်ရွက်ပေးနိုင်ရေး Application တစ်ခုကိုလည်း ရေးဆွဲရန် စတင်လုပ်ဆောင်လျက်ရှိပါသည်။

## ၂၁။ Other Projects (Nonprofit)

(၁) Loyar Kuu (လိုရာကူ)- COVID-19 ဒုတိယလှိုင်းကာလအတွင်း MOHS က MCF သို့ အကူအညီတောင်းခံခဲ့ရာ MTI က Emergency Service တစ်ခုအနေဖြင့်အသုံးပြုနိုင်ရန်ကူညီခဲ့ပါသည်။

(၂) Geofencing - COVID-19 ရောဂါထိမ်းချုပ်နိုင်ရေးအတွက် Quarantine ထား ရှိသောသူများအား သတ်မှတ်နေရာများတွင် သတ်မှတ်ရက်အတိုင်း စည်းကမ်းတကျလိုက်နာ နိုင်ရေး Monitoring လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

## ၂၂။ MMVote V2

မိမိတို့လိုအပ်သော ရွေးကောက်ပွဲအရွယ်အစားအလိုက် ချိန်ညှိမဲပေးရန် လိုအပ်သည့် တရားဝင် ရွေးကောက်ပွဲများပြုလုပ်လိုသော မည်သည့်အဖွဲ့အစည်းမဆို အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဒီဇိုင်းရေးဆွဲထားပါသည်။ Online မှ တစ်ဆင့် မဲပေးနိုင်ခြင်း (သို့) လူကိုယ်တိုင် လာရောက် မဲပေးနိုင်ခြင်း (သို့) နှစ်မျိုးစလုံးအသုံးပြု၍ မဲပေးနိုင်သော ရွေးကောက်ပွဲများ ပြုလုပ်နိုင်ပါသည်။ အသုံးပြုသူ user ၃ မျိုး ခွဲခြားထားပါသည်။

Platform Owner - စနစ် တစ်ခုလုံး အား အလုံးစုံ စီမံခန့်ခွဲနိုင်သည်။ ထိုစနစ်တွင် User Management (အသုံးပြုသူထိန်းချုပ်ခြင်း)၊ Content Management (Content စာသားများ စီမံခြင်း) ၊ Election (Election အားလုံးကို စီမံနိုင်ခြင်း) ၊ Package Management (Package များကို စီမံခန့်ခွဲခြင်း) ပါဝင်သည်။

Election User – အကောင့်ဖန်တီးပြီး မိမိကြိုက်နှစ်သက်ရာ Packageများဝယ်ယူနိုင်ခြင်း၊ မိမိဝယ်ယူထားသော Packagesအလိုက် Election အတွက်အသုံးပြုနိုင်ခြင်း၊ မိမိဝယ်ယူထားသော Packageကို Upgradeပြုလုပ်နိုင်ခြင်း ဖြစ်သည်။

Voter – မဲပေးသူ Voter ဘက်မှ မိမိသက်ဆိုင်သော အဖွဲ့အစည်းမှ ပေးပို့သော SMS မှတစ်ဆင့် မဲပေးနိုင်ခြင်း၊ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ အသေးစိတ် အချက်အလက်များအား ဝင်ရောက်ကြည့်ရှုနိုင်ခြင်း၊ စသည့်စနစ်များပါဝင်ပါသည်။

## ၂၃။ Pride of Myanmar Application (IOS and Android)

Pride Of Myanmar သည် မြန်မာနိုင်ငံရှိ ပြည်တွင်းထုတ်ကုန်များအားစုစည်း၍ တစ်နေရာတည်းတွင် ရှာဖွေကြည့်ရှုနိုင်သော Application တစ်ခုဖြစ်ပါသည်။ ယခု Application ၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များကို အလွယ်တကူချိတ်ဆက်နိုင်စေရန်နှင့် ပြည်တွင်းထုတ်ကုန်များကို မြန်မာပြည်သူများသာမက

နိုင်ငံခြားခရီးသွားများအတွက် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်သောဒေသထွက်ကုန်နှင့် SME ထုတ်ကုန်များကို အလွယ်တကူရှာဖွေနိုင်မည်ဖြစ်ပါသည်။

လူတိုင်း၏ နေ့စဉ်အသုံးပြုမှုအရ Mobile Devices (Smartphones) များကို ပိုမိုအသုံးပြုလာကြသည့်အတွက် Android နှင့် iOS Platform များတွင် ဖန်တီးထားခြင်းဖြစ်ပါသည်။ ၎င်းကြောင့် လုပ်ငန်းရှင်များနှင့် အသုံးပြုသူများသည် Pride of Myanmar App (POM) ကို Smartphone များမှတစ်ဆင့် အလွယ်တကူ အသုံးပြုနိုင်ပြီး၊ မိမိတို့၏ လုပ်ငန်းများကို တိုးတက်စေခြင်း၊ ထုတ်ကုန်များကို ကြော်ငြာခြင်းနှင့် မျှဝေခြင်းတို့ကို တစ်နေရာတည်းမှ ချောမွေ့စွာပြုလုပ်နိုင်ပါသည်။

## ၂၄။ မဟာစည်အက်ပ်- Android and iOS နှစ်ခုလုံးတွင် ရရှိနိုင်သည့် ဗုဒ္ဓဘာသာဆိုင်ရာ အပလီကေးရှင်း

မဟာစည်ဆရာတော်ဘုရားကြီး၏ တရားတော်များနှင့် ကျမ်းစာအုပ်များကို လူတိုင်းလွယ်ကူစွာ နာယူဖတ်ရှုနိုင်ရန်ရည်ရွယ်၍ **မဟာစည်အက်ပ် (Mahasi App)** ကို ဖန်တီးခဲ့ပါသည်။ ဤအက်ပ်ကို **Android နှင့် iOS** နှစ်မျိုးစလုံးတွင် အသုံးပြုနိုင်အောင် တီထွင်ထားသောကြောင့် ကမ္ဘာအနှံ့ရှိ ဗုဒ္ဓဘာသာဝင်များ၊ အထူးသဖြင့် မဟာစည်ဆရာတော်ဘုရားကြီး၏ တရားတော်များကို လေ့လာလိုသူများအတွက် အထူးအဆင်ပြေစေပါသည်။

တရားဓမ္မကို အားထုတ်ကြသူများထဲတွင် **သက်ကြီးရွယ်အိုများက ပိုမိုများပြားသည်** ကိုထည့်သွင်းစဉ်းစားပြီး ဤအက်ပ်ကို **ရိုးရှင်းလွယ်ကူစွာ အသုံးပြုနိုင်ရန်** အထူးဂရုပြု၍ ပြုလုပ်ထားပါသည်။ ခေတ်မီနည်းပညာများနှင့် အကျွမ်းတဝင်မရှိသူများပင် စိတ်ရှုပ်စရာမလိုဘဲ အလိုရှိသော တရားတော်များ၊ တရားစာအုပ်များနှင့် သတင်းအချက်အလက်များကို အလွယ်တကူ ရှာဖွေနိုင်အောင် ရေးဆွဲထားပါသည်။

## ၂၅။ Event Registration and Attendance

**Event Registration and Attendance** စနစ်သည် ပွဲတစ်ခုကို စီစဉ်ရာတွင် လာရောက်မည့်သူများ၏ အချက်အလက်များကို စနစ်တကျမှတ်ပုံတင်ခြင်း၊ တက်ရောက်သူဦးရေကို တိကျစွာသိရှိနိုင်ခြင်းနှင့် ပွဲကျင်းပရာနေ့တွင် တက်ရောက်သူများကို လွယ်ကူလျင်မြန်စွာ စိစစ်နိုင်ရန်အတွက် အထူးအရေးပါသည့် System တစ်ခုဖြစ်ပါသည်။

ဤစနစ်တွင် -

**မှတ်ပုံတင်ခြင်း (Registration)**- ပွဲတက်ရောက်လိုသူသည် သတ်မှတ်ထားသော ပုံစံဖြင့် မိမိ၏ အမည်၊ အီးမေးလ်နှင့် ဖုန်းနံပါတ်ကဲ့သို့သော လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်း၍ မှတ်ပုံတင်ရပါသည်။

**လက်မှတ်ထုတ်ပေးခြင်း (Ticket Generation)**- မှတ်ပုံတင်ပြီးသည်နှင့် စနစ်မှ အလိုအလျောက် **QR Code** ပါဝင်သော **digital ticket** တစ်စောင်ကို ပေးပို့ထားသည့် အီးမေးလ် (သို့မဟုတ်) ဖုန်းနံပါတ်သို့ ပေးပို့ပေးပါသည်။

**တက်ရောက်မှုစိစစ်ခြင်း (Attendance Scan)**- ပွဲကျင်းပသည့်နေ့တွင် လာရောက်သူသည် ၎င်းရရှိထားသော QR Code ကို စကင်ဖတ်စက်ဖြင့် စစ်ဆေးခံရုံဖြင့် စနစ်၏ တက်ရောက်သူစာရင်း (attendance list) ထဲသို့ အလိုအလျောက်ရောက်ရှိသွားပါသည်။

**ကံစမ်းမဲအစီအစဉ် (Lucky Draw)**- ပွဲအပြီးတွင် တက်ရောက်မှုစာရင်းကို အခြေခံ၍ ကံစမ်းမဲပေါက်သူများကို ရွေးချယ်နိုင်ပါသည်။

ဤစနစ်သည် ပွဲတစ်ခုကို ပိုမိုစနစ်ကျအောင်၊ ပိုမိုလုံခြုံအောင်နှင့် ပိုမိုထိရောက်အောင် စီမံခန့်ခွဲရာတွင် များစွာအထောက်အကူပြုပါသည်။

**ထပ်မံ၍ Government projects နှင့် Client projects များ ကို အဓိကထား ရှာဖွေနေသည့်အပြင် နိုင်ငံတကာမှ Outsourcing projects များ ရရှိနိုင်ရန် ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါသည်။**

## MPSS's CSR Program

### လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် ကြုံတွေ့ခဲ့ရသော မန္တလေး ငလျင်ကြီး၏ နောက်ဆက်တွဲ လူသားချင်းစာနာထောက်ထားခြင်းအားဖြင့် ငလျင်ဒဏ်သင့်ပြည်သူများ အကူအညီရရှိရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ Website တည်ထောင်ရေး ကော်မတီမှ ဦးစီးဆောင်ရွက်ပြုလုပ်ထားပါသော https://www.myanmarearthquake.gov.mm/donation Website မှ တဆင့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် နိုင်ငံအနှံ့အပြားရောက်ရှိနေသော မြန်မာနိုင်ငံသား အလှူရှင်များအနေဖြင့် လွယ်ကူစွာ အလှူငွေများ လှူဒါန်းနိုင်ပါရန် ရည်ရွယ်ပြီး၊ ပြည်တွင်း Mobile Pay Wallet များ၊ MPU (National Payment Switch) ကဒ်များ၊ နိုင်ငံတကာသုံးကတ်စနစ်များဖြစ်သည့် VISA, MasterCard, JCB, UnionPay စသည့် Payment Methods များရရှိပြီး ဖြစ်သည့် MPSS ၏ Octoverse Payment Gateway ကို ပြည်တွင်းရှိ Mobile Pay Wallet များ၏ QR ဖြင့် ပေးချေနိုင်သော Digital Payment Switch ဖြစ်သည့် MMQR အား ထပ်မံ၍ အဆင့်မြှင့်တင်ခဲ့ပါသည်။ အဆိုပါ Website မှ တဆင့် လှူဒါန်းနိုင်ရန်အတွက် ပူးပေါင်းပါဝင် အားဖြည့်ခဲ့ပါသည်။



သို့ပါသောကြောင့် MPSS ၏ Octoverse Payment Gateway သည် ယခင်ရှိနေသည့် Payment Methods များအပြင် Digital Payment Switch ဖြစ်သည့် MMQR ပါ ပါဝင်လာပြီဖြစ်သည်။

## မြန်မာနိုင်ငံကြက်ခြေနီအသင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ Website ဖြစ်သော https://www.redcross.org.mm/en_US/ တွင် အများပြည်သူများ အလှူငွေများ ပါဝင်လှူဒါန်းနိုင်ရေးအတွက် MPSS ၏ Octoverse Payment Gateway ချိတ်ဆက်လိုမှုကို ဆက်သွယ်လာခြင်းအပေါ် MPSS အနေဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ပြီး ပြည်တွင်းပြည်ပမှ အလှူရှင်များအနေဖြင့် လွယ်လင့်တကူ လှူဒါန်းခြင်း ပြုလုပ်နိုင်ရန်အတွက် Existing Payment Gateway Integration ပြုလုပ်ခြင်းကို အခမဲ့ကူညီပံ့ပိုးပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ Corporate Donor အဖြစ် ရပ်တည်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

နောင်တွင် MPSS သည် MPU, International Payment Cards, Mobile Pay Wallet ဖြင့် ပေးချေနိုင်သည့် Payment Gateway အဖြစ် ရပ်တည်နေမည်မဟုတ်ဘဲ ပြည်တွင်းရှိ ဘဏ်များ၏ Mobile Banking, Internet Banking များဖြင့်ပါ ပေးချေ/လက်ခံနိုင်သည့် Payment Gateway အဖြစ် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး Payment Gateway ချိတ်ဆက်အသုံးပြုလိုသည့် လုပ်ငန်းရှင်များအနေဖြင့် MPSS ၏ Hotline Number ဖြစ်သော 09-88 255 1251~3 သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

